တံပ်အွံ့ရ်ပိုန်လောတ်ကမိုန်တအာင်း

**Palaung State Liberation Front**

## "ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး ၏ ဗဟိုကော်မတီ ၆ လပတ် အစည်းအဝေး သဘောထားထုတ်ပြန်ကြေညာချက်"

သဘောထားထုတ်ပြန်ချက်အမှတ် (၆/၂၀၁၅)
၂၄ ရက်၊ ဇွန်လ၊ ၂၀၁၅ ခုနှစ်

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A ၏ ဗဟိုကော်မတီ ၆ လပတ်အစည်းအဝေးကို ဇွန်လ ၁၉ ရက်မှ ၂၁ ရက်နေ့ထိ ဗဟိုဌာနချုပ်(လွတ်မြောက်နယ်မြေတနေရာ)တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။ အစည်းအဝေးကြီးသို့ ဗဟိုကော်မတီ ၂၃ ဦးထဲမှ ၂၀ ဦး၊ အရံဗဟိုကော်မတီ ၈ ဦးမှ ၇ ဦး၊ တအာင်းတပ်မတော် တပ်မှူးများနှင့် အုပ်ချုပ်ရေးအဖွဲ့မှမြို့နယ်မှူးများအပါအဝင် အားလုံးစုစုပေါင်း ၆၆ ဦးတက်ရောက်ကာ အဖွဲ့အစည်း၏ ၆ လတာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးကြီးတွင် တအာင်းတပ်မတော်ကို တပ်မဟာ၊ တပ်ရင်း အဆင့်ဆင့်ပြင်ဆင်တိုးချဲ့ခြင်းများ၊ ခုခံကာကွယ်သည့်စစ်ရေး ပြင်ဆင်သုံးသပ်ခြင်းများပြုလုပ်ခဲ့ပါသည်။ ထို့အပြင် အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ထားသည့် တိုက်နယ်၊ မြို့နယ်များကိုအခြေခံကာ မိုးကုတ်ခရိုင်၊ ရှုကောခရိုင်(မန်တုံ)၊ အဲမ်းခရီးခရိုင်(နမ့်ခမ်း)၊ ကွတ်ခိုင်ခရိုင် ဟူ၍ ခရိုင်အုပ်ချုပ်ရေးအဆင့်တိုးမြှင့် ခဲ့ပါသည်။ ထို့အတူ လိုအပ်သည့်ဗဟိုလုပ်ငန်းဌာနများကိုလည်း ပြန်လည်သုံးသပ်ပြင်ဆင်တိုးချဲ့ခဲ့ပါသည်။

ဇွန်လဆန်းပိုင်းတွင် ကျင်းပခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ လော်ခီးလာ ညီလာခံတွင် ချမှတ်ရရှိခဲ့သည့်ဆုံးဖြတ်ချက်များကို ကြိုဆိုထောက်ခံပြီး တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှုများကို တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ ပြည်တွင်းစစ်ရပ်စဲပြီး NCA တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုခြင်း မပြုလုပ်နိုင်ပါက ၂၀၁၅ အထွေထွေရွေးကောက်ပွဲသည် နိုင်ငံရေးတိုးတက်ပြောင်းလဲမှု မဖြစ်နိုင်သည့်အပြင် လွတ်လပ်မှု၊ တရားမျှတမှုလည်း ရှိလိမ့်မည်မဟုတ်ဟု အစည်းအဝေးကြီးက ရှုမြင်သုံးသပ်ပါသည်။

NCA စာချုပ်(မူကြမ်း) လက်မှတ်ထိုးပြီးနောက်ပိုင်း တိုင်းရင်းသားဒေသအသီးသီးတွင် မြန်မာအစိုးရတပ်များ ပိုမိုတိုးချဲ့နေရာယူလာသည်ကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအား တော်လှန်ရေးသတိရှိရန် အထူးတိုက်တွန်းလိုက်ပါသည်။ မိမိတို့၏ နယ်မြေ၊ ပြည်သူလူထုအတွက် ခုခံကာကွယ်ရင်း တော်လှန်ရေးရည်မှန်းချက်ပန်းတိုင်ရောက်ရှိရန်အတွက် တအာင်းပြည်သူလူထုနှင့်အတူ ဆက်လက်ချီတက်သွားမည်ဖြစ်ကြောင်း P.S.L.F/T.N.L.A ၏ ဗဟိုကော်မတီ ၆ လပတ်အစည်းအဝေး သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုကော်မီတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**


**ဆက်သွယ်ရန်**
- အထွေထွေအတွင်းရေးမှူး - ဗိုလ်မှူးကြီးတားဘုန်းကျော် (၈၆) ၁၈၃ ၁၃၄၆ ၈၇၃၀
- သတင်းနှင့်ပြန်ကြားရေးဌာန PSLF/TNLA (၉၅) ၀၉ ၄၉၃၁ ၄၉၅၁၊ (၈၆) ၁၅၃ ၈၈၈၂ ၀၃၂၈